## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## အမျိုးသားညီညွတ်ရေးအစိုးရ

www.nugmyanmar.org

---

### အမျိုးသားညီညွတ်ရေးအစိုးရက (၇၆) နှစ်မြောက် ရှမ်းပြည်အမျိုးသားနေ့အတွက် ပေးပို့သည့် သဝဏ်လွှာ

### ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်

၁။ ယနေ့တွင် ကျရောက်သည့် (၇၆) နှစ်မြောက် ရှမ်းပြည်အမျိုးသားနေ့တွင် ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူလူထုအပေါင်း မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

၂။ ရှမ်းပြည်အမျိုးသားနေ့အဖြစ် သတ်မှတ်လာခဲ့သည့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ(၇)ရက်နေ့သည် ပြည်ထောင်စုရှမ်းပြည်အတွင်းရှိ စော်ဘွားများနှင့် ပြည်သူလူထုကိုယ်စားလှယ်များအကြား စုစည်းညီညွတ်မှုကို တည်ဆောက်နိုင်ခဲ့သည့် သမိုင်းဝင်နေ့ဖြစ်ပါသည်။ အဆိုပါစုစည်းညီညွတ်မှု တည်ဆောက်နိုင်ခဲ့ခြင်းသည် မျက်မှောက်ခေတ် ပြည်ထောင်စုမြန်မာနိုင်ငံ တည်ထောင်ရာတွင် အခြေခံအုတ်မြစ်ဖြစ်သော ပင်လုံစာချုပ်ချုပ်ဆိုနိုင်ရေးအတွက် လမ်းပွင့်သွားစေခဲ့ပါသည်။

၃။ ရှမ်းပြည်နယ်သည် လွန်ခဲ့သည့် (၇၆) နှစ်တာ ကာလအတွင်း ကြမ်းတမ်းသည့် နိုင်ငံရေးလှိုင်းတံပိုးများစွာကို ဖြတ်သန်းခဲ့ရသည့်တိုင် ယနေ့အချိန်အထိ ဖက်ဒရယ်ပြည်ထောင်စုတစ်ခု၏ ပုံအသွင်ကို မဆုတ်မနစ် ထိန်းသိမ်းထားနိုင်ဆဲဖြစ်သည်။

၄။ ယခုအချိန်သည် စစ်အာဏာသိမ်းယူမှုကို အကြမ်းမဖက် ဆန့်ကျင်ကြသည့် တိုင်းရင်းသားပြည်သူလူထုအပေါ် အကြမ်းဖက်နှိမ်နင်းခြင်း၊ ရက်စက်စွာဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပြည်သူများ၏ အသက်အိုးအိမ်ကို ဖျက်ဆီးခြင်း၊ တိုင်းပြည်အနှံ့ အလွန်အကျွံစစ်အင်အားဖြင့် ထိုးစစ်ဆင်ခြင်းနှင့် ပြည်သူတို့၏ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခြင်း အစရှိ

သည်တို့ကို အကြမ်းဖက်စစ်ကောင်စီက နေ့စဉ်ရက်ဆက် ကျူးလွန်လျက်ရှိပြီး တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက ရရာနည်းလမ်းများဖြင့် ခုခံတွန်းလှန်နေကြရချိန်ဖြစ်သည်။

၅။ ထိုကဲ့သို့သော အချိန်အခါတွင် ရှမ်းပြည်နယ်အတွင်းရှိ နိုင်ငံရေးအင်အားစုများနှင့် တိုင်းရင်းသားပြည်သူလူထုအားလုံးအနေဖြင့် စစ်အာဏာရှင်စနစ်ဆိုးကြောင့် ဤပြည်ထောင်စုအတွင်း ဖြစ်တည်ခဲ့သော ခေတ်အဆက်ဆက် သံသယများ၊ ပဋိပက္ခများ အပြီးတိုင်ချုပ်ငြိမ်းပြီး တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော စည်းလုံးငြိမ်းချမ်းသည့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကြီးဆီသို့ အတူတကွ လက်တွဲလျှောက်လှမ်းကြပါစို့ဟု တိုက်တွန်းဖိတ်ခေါ်ရင်း ဤသဝဏ်လွှာအား ပေးပို့အပ်ပါသည်။

အမျိုးသားညီညွတ်ရေးအစိုးရ